# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ပဲစင်းငုံ

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

# အမှတ်စဉ် (၀၀၀၃)

(HS-Code 071360)

Pigeon Peas (Cajanus cajan) whether or not skinned or split










June 2018

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

PRODUCT : 071360Pigeon Peas (Cajanuscajan) ,whetheror not skinned or split

(HS-Code 071360)

Pigeon Peas (Cajanuscajan) whether or not skinned or split

## ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

Fig 1. Top 5 World importers in 2017

| Importers | Value Imported in 2017 (US$,000) | Quantity Imported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| India | 192104 | 349303 | 550 | 84.4 |
| United States of America | 10247 | 7018 | 1460 | 4.5 |
| Nepal | 8111 | 15555 | 521 | 3.6 |
| United Kingdom | 2051 | 1990 | 1031 | 0.9 |
| Australia | 1527 | 1339 | 1140 | 0.7 |

Source : ITC TradeMap

၁။ ဖော်ပြပါ ပဲစင်းငုံ HS-Code 071360) အား၂၀၁၇ခုနှစ်တွင် အများဆုံးဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ အိန္ဒိယ၊ အမေရိကန်၊ နီပေါ၊ အင်္ဂလန်နှင့် ဩစတြေးလျနိုင်ငံတို့ဖြစ်ကြသည်။ အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံတင်သွင်းမှုတန်ဖိုးစုစုပေါင်းသည်ကန်ဒေါ်လာ ၁၉၂ ဒသမ ၁၀၄ သန်းဖြစ်ပြီး ကမ္ဘာ့ပဲဈေးကွက်တွင် ဈေးကွက်ဝေစု ၈၄ ဒသမ ၄ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် အမေရိကန်၊ နီပေါ၊ အင်္ဂလန်နှင့် ဩစတြေးလျနိုင်ငံတို့က ဈေးကွက်ဝေစု ၄ ဒသမ ၅ ရာခိုင်နှုန်း၊ ၃ ဒသမ၆ရာခိုင်နှုန်း၊ သုညဒသမ ၉ ရာခိုင်နှုန်း၊ သုညဒသမ၇ရာခိုင်နှုန်းတို့ဖြင့် အသီးသီးနေရာယူထား ကြသည်။

## မြန်မာ့ ပဲစင်းငုံတင်ပို့သည့် ထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)

Table 2.Top 5 Importers of Myanmar in 2017

| Importer Countries | Value Imported in 2017 (US$,000) | Quantity Imported in 2017 (Tons) | Unit Value $/Ton | Market Share |
|---|---|---|---|---|
| India | 126754 | 215793 | 587 | 93.5 |
| Nepal | 5910 | 11265 | 525 | 4.4 |
| United States of America | 971 | 724 | 1341 | 0.7 |
| Australia | 715 | 632 | 1131 | 0.5 |
| United Kingdom | 372 | 364 | 1022 | 0.3 |

Source : ITC TradeMap

၂။ မြန်မာ့ပဲစင်းငုံ(HS-Code 071360) အား၂၀၁၇ခုနှစ်တွင် အများဆုံး တင်ပို့ရောင်းခဲ့သည့် နိုင်ငံများမှာ အိန္ဒိယ၊ နီပေါ၊ အမေရိကန်၊ သြစတြေးလျနှင့် အင်္ဂလန်နိုင်ငံ တို့ဖြစ်ကြသည်။ ထို့ကြောင့် ကမ္ဘာ့ပဲတင်သွင်းမှုတွင် အဆင့် (၁) ၌ရှိသော အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ရလျက်ရှိပြီး၊ အဆင့် (၂) နှင့် အဆင့် (၃) နေရာရှိ အမေရိကန်နှင့် နီပေါ၊ အဆင့် (၄) ၊ အဆင့် (၅) ရှိအင်္ဂလန်နှင့် သြစတြေးလျနိုင်ငံများသို့လည်း တင်ပို့နေရသည်ဖြစ်ရာ အာရှနိုင်ငံများသာမက အနောက်နိုင်ငံ များသို့ပါ တင်ပို့ရလျက်ရှိသည်ကိုတွေ့ရသည်။

## အာရှထိပ်တန်း (၅) နိုင်ငံ

Fig 3. Top 5 Asia Importers in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| India | 192104 | 349303 | 84.4 |
| Nepal | 8111 | 15555 | 3.6 |
| United Arab Emirates | 1242 | 1055 | 0.5 |
| Singapore | 771 | 649 | 0.3 |
| Sri Lanka | 491 | 537 | 0.2 |

Source : ITC TradeMap

၃။ လေ့လာနေသော ပဲစင်းငုံထုတ်ကုန်ကို အာရှနိုင်ငံများအနက် အများဆုံး ဝယ်ယူလျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ နီပေါ၊ ယူအေအီး၊ စင်ကာပူနှင့် သီရိလင်္ကာနိုင်ငံတို့ ဖြစ်ကြသည်။ ၎င်းတို့အနက် အိန္ဒိယသည် ၂၀၁၇ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၁၈၂ ဒသမ ၁၀၄ သန်းနှင့် အရေအတွက် ၃၄၈၃၀၃ တန်ဖြင့် အများဆုံး ဝယ်ယူခဲ့ပြီး နီပေါနိုင်ငံက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၈ ဒသမ ၁၁၁ သန်း၊ အရေအတွက် ၁၅၅၅၅ တန်နှင့် ဒုတိယအများဆုံး ဝယ်ယူခဲ့သည့် နိုင်ငံများအဖြစ် တွေ့ရှိရသည်။ ထို့နောက် ယူအေအီး၊ စင်ကာပူ၊ သီရိလင်္ကာနိုင်ငံတို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၅) နိုင်ငံ

Table 4.Top 5 World exporters in 2017

| Exporter Countries | Value Exported in 2017 (US$,000) | Quantity Exported in 2017 (Tons) | Unit Value $/Ton | Market Share |
|---|---|---|---|---|
| Myanmar | 135620 | 229746 | 590 | 71.6 |
| Sudan | 20368 | 36805 | 553 | 10.7 |
| India | 10158 | 8905 | 1141 | 5.4 |
| Tanzania, United Republic of | 7869 | 15823 | 497 | 4.2 |
| Canada | 3870 | 2459 | 1574 | 2 |

Source : ITC TradeMap

၄။ ၂၀၁၇ ခုနှစ်တွင် ဖော်ပြပါ ပဲစင်းငုံ (HS-Code 071360) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ မြန်မာ၊ ဆူဒန်၊ အိန္ဒိယ၊ တန်ဇန်နီးယား၊ ကနေဒါနိုင်ငံတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံသည် ကန်ဒေါ်လာ ၁၃၅ ဒသမ ၆၂၀ သန်း ဖိုးရောင်းချနိုင်ပြီးဈေးကွက်ဝေစု ၇၁ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရပြီးဒုတိယနေရာရှိဆူဒန်ကလည်း ကန်ဒေါ်လာ ၂၀ ဒသမ ၃၆၈ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၁၀ ဒသမ ၇ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် အိန္ဒိယ၊ တန်ဇန်နီးယား၊ ကနေဒါနိုင်ငံတို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေဖြင့် ကနေဒါက အမြင့်ဆုံး ဖြစ်ပြီး အိန္ဒိယက ဒုတိယနှင့် မြန်မာ၊ ဆူဒန်၊ တန်ဇန်နီးယားတို့က အစဉ်လိုက်ရှိကြသည်။ မြန်မာ နိုင်ငံသည် ပဲစင်းငုံတင်ပို့သည့် ကမ္ဘာ့ထိပ်တန်း နိုင်ငံများတွင် အဆင့် (၁) နေရာရရှိထားကြောင်း တွေ့ရသည်။

## အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

### အိန္ဒိယဈေးကွက်

Fig 5. Top 5 world exporters to India 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Myanmar | 126754 | 215793 | 66 |
| Mozambique | 31938 | 69795 | 16.6 |
| Sudan | 20266 | 36655 | 10.5 |
| Tanzania, United Republic of | 6076 | 12115 | 3.2 |
| Malawi | 4794 | 10705 | 2.5 |

Source : ITC TradeMap

### အမေရိကန်ဈေးကွက်

Fig 6. Top 5 world exporters to United States of America in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| India | 8186 | 5406 | 79.9 |
| Myanmar | 971 | 724 | 9.5 |
| Peru | 265 | 165 | 2.6 |
| Nigeria | 214 | 251 | 2.1 |
| Malaysia | 189 | 192 | 1.8 |

Source : ITC TradeMap

## နီပေါ ဈေးကွက်

Fig 7. Top 5 world exporters to Nepal in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Myanmar | 5910 | 11265 | 72.9 |
| Canada | 863 | 1082 | 10.6 |
| Tanzania, United Republic of | 657 | 1829 | 8.1 |
| Mozambique | 313 | 949 | 3.9 |
| India | 129 | 132 | 1.6 |

Source : ITC TradeMap

## သြစတြေးလျဈေးကွက်

Fig 8. Top 5 world exporters to Australia in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Myanmar | 715 | 632 | 46.8 |
| India | 614 | 513 | 40.2 |
| Malaysia | 153 | 140 | 10 |
| Singapore | 19 | 18 | 1.2 |
| Malawi | 16 | 24 | 1 |

Source : ITC TradeMap

## ယူအေအီးဈေးကွက်

Fig 9. Top world exporters to United Arab Emirates in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| India | 894 | 880 | 72 |
| Mozambique | 263 | 7 | 21.2 |
| Uganda | 53 | 120 | 4.3 |
| United States of America | 32 | 48 | 2.6 |

Source : ITC TradeMap

**စင်ကာပူဈေးကွက်**

Fig 10. Top 5world exporters to Singapore in 2017

| Country | Value (in USD Thousand)) | Quantity (in Tons) | Market Share |
|---|---|---|---|
| India | 521 | 385 | 67.6 |
| Myanmar | 59 | 59 | 7.7 |
| Australia | 44 | 48 | 5.7 |
| Sri Lanka | 43 | 45 | 5.6 |
| Mozambique | 40 | 50 | 5.2 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၅။ ပဲစင်းငုံ တင်သွင်းမှုအများဆုံး ထိပ်တန်းနိုင်ငံများ၏ ဈေးကွက်အခြေအနေကို လေ့လာရာတွင် မြန်မာ၊ အိန္ဒိယ၊ မိုဇန်ဘစ်နိုင်ငံတို့သည် အများဆုံး တင်ပို့ရောင်းချလျက် ရှိသည်ကိုတွေ့ရသည်။ ယင်းနိုင်ငံများသည် ကမ္ဘာ့ဈေးကွက်တွင် ထိပ်တန်းပို့ကုန် (၁၀) နိုင်ငံစာရင်း၌ ပါဝင်ကြသည်။ မြန်မာနိုင်ငံအနေနှင့် ယူအေအီးနိုင်ငံမှလွဲ၍ ကျန် (၅) နိုင်ငံဖြစ်သော အိန္ဒိယ၊ အမေရိကန်၊ နီပေါ၊ ဩစတြေးလျ၊ စင်ကာပူ၊ ဝယ်လက်နိုင်ငံများ၏ ထိပ်တန်း ၅ နိုင်ငံစာရင်းတွင် စာရင်းဝင်လျက်ရှိသည်ကိုလေ့လာတွေ့ရှိရသဖြင့် အလားအလာရှိသော ဈေးကွက်ဖြစ်သည့် ယူအေအီးဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေးကြိုးပမ်းသင့်ပါသည်။

၆။ ပဲစဉ်းငုံကို (Cajanuscajan (L) Mill sp) Pigeon Pea/Toor Whole/Arhar/Tur ဟုသိပ္ပံအမည်၊ အင်္ဂလိပ်၊ အိန္ဒိယ အခေါ်အဝေါ်များနှင့် လူသိများပါသည်။ အပူပိုင်းနှင့် အပူသမပိုင်းနိုင်ငံများတွင်စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် မိုးသီးနှံအဖြစ် အထက်မြန်မာပြည် အပူပိုင်းခြောက်သွေ့ဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများတွင် အများဆုံး စိုက်ပျိုးကြပါသည်။ မိုးသီးနှံအဖြစ် မေလနှင့် ဇွန်လတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် ရိတ်သိမ်းကြပါသည်။ ပဲစဉ်းငုံကို စိုက်ဧရိယာ၏ ၉၀ ရာခိုင်နှုန်းကျော် တွင် သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးကြပါသည်။

၇။ မြန်မာနိုင်ငံတွင် ပဲစင်းငုံသီးနှံမှာ နှစ်စဉ် စိုက်ဧက ၁၆ သိန်းနီးပါး စိုက်ပျိုးကြပြီး ပျမ်းမျှ အထွက် ၁၂ တင်းခန့်မှန်းနှုန်းဖြင့် အထွက်တင်းသိန်း ၁၉၀ ကျော်၊ တန်ချိန်အားဖြင့် ၆ သိန်းကျော် ထွက်ရှိပြီး၊ ပြည်ပသို့ နှစ်စဉ်တန်ချိန် ၂ သိန်းကျော် ၃ သိန်းနီးပါးခန့် တင်ပို့ရောင်းချရလျက်ရှိသည်။

၈။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံများအား အဓိကဝယ်ယူလေ့ ရှိပါသည်။ အိန္ဒိယနိုင်ငံ၏ ပဲစိုက်ပျိုးထွက်ရှိထုတ်လုပ်မှုအပေါ်မူတည်ပြီး ပြည်ပမှ ပဲတင်သွင်းမှု ပမာဏအပြောင်းအလဲကို ပြုလုပ်လေ့ရှိသည့်အတွက် အန္ဒိယနိုင်ငံ၏ ရာသီဥတုနှင့် ပဲထုတ်လုပ် ထွက်ရှိမှုကိုစောင့်ကြည့်သုံးသပ်ရန် လိုအပ်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒကန့်သတ်ချက်ကြောင့် မြန်မာ့ပဲဈေးကွက် ကမောက်ကမဖြစ်ခဲ့ရပြီး ပဲစင်းငုံဈေး သည် မတ်ပဲ၊ ပဲတီစိမ်းတို့ထက် ဈေးနှုန်း အနိမ့်ဆုံးသို့ ရောက်ခဲ့ပြီး ပိုမိုအထိနာခဲ့ရပါသည်။ ၂၀၁၈ ခုနှစ် မေလအတွင်း ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲစီ တင်သွင်း ခွင့်ပြုမည်ဟု အန္ဒိယနိုင်ငံ၏ ထုတ်ပြန်ချက်ကြောင့် ပဲစင်းငုံဈေးများ ပြန်တက်လာ ခဲ့သည်ဟုသိရ သည်။ မြန်မာနိုင်ငံ၏ လွန်ခဲ့သော(၃)နှစ်တာ ကာလတွင် ပဲစင်းငုံတင်ပို့ခဲ့မှု တန်ချိန် နှင့်တန်ဖိုးအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## ပဲစင်းငုံတင်ပို့မှုအခြေအနေ

| ကာလ | တန်ချိန်<br>မက်ထရစ်တန် | တန်ဖိုး<br>ကန်ဒေါ်လာသန်း |
|---|---|---|
| ၂၀၁၅-၂၀၁၆ | ၂၂၆၇၅၁ | ၂၂၉.၈၀၂ |
| ၂၀၁၆-၂၀၁၇ | ၁၈၄၆၁၀ | ၁၅၉.၇၈၇ |
| ၂၀၁၇-၂၀၁၈ | ၂၂၅၄၉၂ | ၉၉.၅၄၈ |

Source : Tradedatamoc.local

၉။ မြန်မာ့ပဲစင်းငုံအထွက်၏ ၉၀ ရာခိုင်နှုန်းကိုအိန္ဒိယသို့ တင်ပို့နေပြီး အိန္ဒိယမှ ပဲတင်သွင်းသည့် ဈေးကွက်ဝေစုတွင် မြန်မာ့ပဲစင်းငုံက ၆၆ ရာခိုင်နှုန်း နေရာယူထားသည်ဟုသိရသည်။ အိန္ဒိယသို့ ပဲစင်းငုံတင်သွင်းနေသော မိမိတို့၏ ယှဉ်ပြိုင်ဘက်နိုင်ငံများမှာ မိုဇမ်ဘစ်၊ ဆူဒန်၊ တန်ဇေးနီးယား၊ မာလာဝီတို့ဖြစ်ကြောင်း ITC Trade Map အရသိရပြီး ဇယား ၅ တွင် ဖော်ပြထားပါသည်။ ပဲစင်းငုံ

ဈေးနှုန်းပြောင်းလဲမှုပြင်းထန်ရခြင်းမှာ မိမိတို့အထွက်၏ ၉၀ ရာခိုင်နှုန်းကို အိန္ဒိယ ဈေးကွက်ကိုမှီခိုနေရသည့်အတွက်ဟု သုံးသပ်မိပါသည်။

၁၀။ ကမ္ဘာ့ပဲစင်းငုံဈေးကွက်တွင် ၂၀၁၇ ခုနှစ် ပဲစင်းငုံတင်ပို့သော နိုင်ငံ (၃၉) နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် အဆင့် (၁) တွင်ရှိနေပါသည်။ လွန်ခဲ့သော (၅) နှစ်တာကာလအတွင်းမြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့မှု တန်ချိန်နှင့် တန်ဖိုးအား ဖော်ပြအပ်ပါသည်။

## လွန်ခဲ့သော (၅) နှစ်တာကာလအတွင်းမြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့မှု တန်ချိန်

**List of exporters for the selected product**

Product: 071360 Dried, shelled pigeon peas "Cajanus cajan", whether or not skinned or split

| Exporters | 2013 | 2014 | 2015 | 2016 | 2017 |
|---|---|---|---|---|---|
| | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons |
| World | 0 | 169642 | 0 | 257678 | 213926 |
| Myanmar | 0 | 117967 | No Quantity | 415 | 101047 |
| Tanzania, United Republic of | 1591 | 18435 | 44291 | 144421 | 47256 |
| Sudan | | | 0 | 57600 | 38294 |
| India | 62 | 745 | 2290 | 11063 | 11984 |
| Canada | 34 | 43 | 23 | 588 | 2459 |
| Ecuador | 1471 | 1858 | 2480 | 1081 | 2079 |
| Uganda | 0 | 0 | 5034 | 11730 | 2041 |
| Peru | 1342 | 898 | 1545 | 1666 | 1610 |
| Ethiopia | 0 | 68 | 951 | 1566 | 1602 |
| France | 1661 | 2948 | 6311 | 5008 | 1496 |
| Other | | 26680 | | 22540 | 4058 |

Source : ITC TradeMap

## လွန်ခဲ့သော (၅) နှစ်တာကာလအတွင်းမြန်မာနိုင်ငံမှ ပဲစင်းငုံတင်ပို့မှု တန်ဖိုး

**List of exporters for the selected product**

Product: 071360 Dried, shelled pigeon peas "Cajanus cajan", whether or not skinned or split

Unit : US Dollar thousand

| Exporters | Exported value in 2013 | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 |
|---|---|---|---|---|---|
| World | 9302 | 206672 | 415450 | 213327 | 126532 |
| Myanmar | 0 | 98727 | 232109 | 534 | 51611 |
| Tanzania, United Republic of | 658 | 85129 | 157811 | 85351 | 26589 |
| Sudan | | | 0 | 68925 | 21718 |
| India | 48 | 712 | 4093 | 21546 | 13692 |
| Canada | 50 | 45 | 45 | 1315 | 3819 |
| Peru | 1251 | 900 | 1871 | 2135 | 2085 |
| Uganda | 0 | 0 | 4689 | 9358 | 1113 |
| Belgium | 384 | 191 | 196 | 55 | 1088 |
| Ethiopia | 0 | 49 | 533 | 1644 | 882 |
| Ecuador | 322 | 524 | 949 | 244 | 755 |
| Other | 6589 | 20395 | 13154 | 22220 | 3180 |

Source : ITC TradeMap

၁၁။ ကမ္ဘာ့ပဲစင်းငုံ ဈေးကွက်တွင် ၂၀၁၇ ခုနှစ်တွင် ပဲစင်းငုံ တင်သွင်းသော နိုင်ငံ (၈၃) နိုင်ငံရှိပြီး အများဆုံး တင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံမှာ အိန္ဒိယ၊ အမေရိကန်၊ နီပေါ၊ အင်္ဂလန်၊ ယူအေအီး၊ ဩစတြေးလျ၊ ပီရူး၊ ကနေဒါ၊ ပေါ်တူဂီနှင့် ဘယ်လဂျီယမ်နိုင်ငံတို့ ဖြစ်ကြသည်။ မိမိတို့ ပဲစင်းငုံအထွက်၏ ၉၀ ရာခိုင်နှုန်းအား အိန္ဒိယဈေးကွက်သို့သာ မှီခိုနေရခြင်း၊ အိန္ဒိယ၏ ပဲလိုအပ်ချက် အရတင်သွင်းမှု ကန့်သတ်ချက်ကို အပြောင်းအလဲများ ပြုလုပ်နေခြင်းတို့ကြောင့် ပဲစင်းငုံ အများဆုံး တင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံတို့ဖြစ်စေ၊ မိမိတို့ အိမ်နီးချင်း အာဆီယံနိုင်ငံများသို့ဖြစ်စေ၊ CLMV နိုင်ငံများသို့ဖြစ်စေ၊ ဈေးကွက် ရှာဖွေတင်ပို့ခြင်းကို ပြုလုပ်သင့်ပါသည်။ ITC data များအရ မြန်မာနိုင်ငံသည် ပဲစင်းငုံဝယ်လက် ထိပ်တန်းနိုင်ငံများ ဖြစ်သည့် အိန္ဒိယအပြင် အမေရိက၊ နီပေါ၊ ဩစတြေးလျ၊ ယူအေအီးနှင့် စင်ကာပူနိုင်ငံများ၏ ထိပ်တန်းပဲစင်းငုံ တင်သွင်းနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**List of importers for the selected product in 2017**

Product : 071360 Dried, shelled pigeon peas "Cajanus cajan", whether or not skinned or split

| Importers | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2017 (USD thousand) | Quantity imported in 2017 | Unit value (USD/unit) | Share in world imports (%) |
| World | 316721 | 520409 | 609 | 100 |
| India | 280949 | 478992 | 587 | 88.7 |
| United States of America | 10247 | 7018 | 1460 | 3.2 |
| Nepal | 8111 | 15555 | 521 | 2.6 |
| United Kingdom | 2051 | 1990 | 1031 | 0.6 |
| United Arab Emirates | 1956 | 1839 | 1064 | 0.6 |
| Australia | 1527 | 1339 | 1140 | 0.5 |
| Peru | 1418 | 1861 | 762 | 0.4 |
| Canada | 1309 | 1082 | 1210 | 0.4 |
| Portugal | 992 | 1119 | 887 | 0.3 |
| Belgium | 874 | 1028 | 850 | 0.3 |
| Viet Nam | 62 | 122 | 508 | 0 |
| Other | 7225 | 8464 | | |

Source : ITC TradeMap

## သွင်းကုန်ခွန်လေ့လာချက်

၁၂။ ဩစတြေးလျနှင့် စင်ကာပူနိုင်ငံတို့တွင် MFN duties သုညသတ်မှတ်ထားပြီးနီပေါတွင် (သုညဒသမ ၁ ရာခိုင်နှုန်း) ၊ ယူအေအီးက (သုညဒသမ ၀၅ ရာခိုင်နှုန်း) သတ်မှတ်ထားကြောင်း တွေ့ရသည်။ အိန္ဒိယနိုင်ငံကMFN duties (သုညဒသမ ၀၃ ရာခိုင်နှုန်း) ၊ Preferential Tariff for LDC (သုညရာခိုင်နှုန်း)၊ Preferential Tariff for Myanmar (သုညဒသမ ၀၅ ရာခိုင်နှုန်း)၊ ASEAN Countries အတွက် သုညရာခိုင်နှုန်း သတ်မှတ်ထားသည်။ အမေရိကန်နိုင်ငံက MFN duties 1.5 cents/ kg, GSP Countries အတွက် သုညသတ်မှတ်ထားသည်။ နီပေါနိုင်ငံက MFN duties (သုညဒသမ၁ရာခိုင်နှုန်း) အင်္ဂလန်ကMFN duties (သုညဒသမ032ရာခိုင်နှုန်း)၊ Preferential Tariff for LDC နိုင်ငံအတွက် (သုညရာခိုင်နှုန်း)သတ်မှတ်ထားသည်။

## Tariff Rate of Pesingon

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| India | MFN duties (Applied) | 0.3 |
| | Preferential tariff for Least Developed Countries | 0 |
| | Preferential tariff for Myanmar | 0.05 |
| | Preferential tariff for ASEAN countries | 0 |
| USA | MFN duties (Applied) | 1.5 cents/kg |
| | Preferential tariff for GSP countries | 0 |
| Nepal | MFN duties (Applied) | 0.1 |
| Australia | MFN duties (Applied) | 0 |
| United Kingdon | MFN duties (Applied) | 0.032 |
| | Preferential tariff for Least Developed Countries | 0 |
| UAE | MFN duties (Applied) | 0.05 |
| Singapore | MFN duties (Applied) | 0 |

Source : Market AccessMap

## နိဂုံး

၁၃။ ပြည်ပဈေးကွက်သစ်သို့ ရှာဖွေတင်ပို့ရန်နှင့် ပြည်တွင်းဈေးကွက်တွင်လည်း တန်ဖိုးမြှင့် ထုတ်ကုန်များ ပဲမှုန့် (အစိမ်း၊ အကျက်) ဘယာကြော်မှုန့်၊ ပဲကြာဇံစသည့် ထုတ်လုပ်ရောင်းချခြင်း၊ စံချိန်စံညွှန်းများနှင့်အညီ အဆင့်မြှင့် စားသောက်ကုန်အဖြစ် ထုတ်လုပ်ပြီးပြည်ပသို့ တင်ပို့နိုင်ရေး အကြံပြုတင်ပြအပ်ပါသည်။